# နိုဝင်ဘာရွေးကောက်ပွဲတွင် အားလုံးပါဝင်ခွင့်နှင့် လွတ်လပ်မျှတမှု မရှိနိုင်

မမျှတသော ဥပဒေ လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲ ကော်မရှင်၏ အာဏာကို တည့်မတ်ထိန်းကျောင်း ပေးနိုင်မှု မရှိခြင်း၊ အမုန်းစကားများ နှင့် သတင်းမှားများ ပျံ့နှံ့နေခြင်း စသည့်အချက်များကြောင့် လူနည်းစုများမှာ နိုင်ငံရေးဖြစ်စဉ်မှ ဖယ်ကြဉ်ခြင်း ခံနေရသည်။

ရန်ကုန် – ၃ နိုဝင်ဘာ ၂၀၂၀ – မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အရေအတွက်သန်းဂဏန်းရှိမည့် လူမျိုးဘာသာအရလူနည်းစုများသည် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ခွင့် မရကြောင်း စမိုင်း(လ်)မြန်မာ (SMILE Myanmar) အဖွဲ့က ယနေ့ထုတ်ပြန်သော ရွေးကောက်ပွဲ စစ်တမ်း အစီရင်ခံစာက ဆိုသည်။ ထိုအစီရင်ခံစာထဲတွင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ဖြစ်ရပ်များအပြင်၊ SMILE အဖွဲ့၊ အခြား လူ့အခွင့်အရေးအဖွဲ့များ နှင့် မြန်မာနိုင်ငံအတွင်းတွင် လုပ်ငန်းဆောင်ရွက်နေကြသော နိုင်ငံတကာ အန်ဂျီအိုများ ပြုလုပ်ခဲ့သော သုတေသနများထဲမှ အချက်အလက်များကို ရယူသုံးသပ်ထားပြီး၊လူနည်းစုများမှာ  နိုင်ငံရေးဖြစ်စဉ်မှပထုတ်ခံထားရကြောင်းအစီရင်ခံစာက  စိုးရိမ်ဖွယ်ရာ  သုံးသပ်ထားသည်။

“ရွေးကောက်ပွဲ ကော်မရှင်နဲ့ အစိုးရအဖွဲ့ရဲ့ လုပ်ဆောင်ပုံတွေဟာ မြန်မာပြည်သူတွေရဲ့ လူ့အခွင့်အရေးကို ချိုးဖောက်ရာ ရောက်ရုံမက၊ ၂၀ဝ၈ခုနှစ် အခြေခံဥပဒေကိုပါ ပြောင်ပြောင်တင်းတင်း ချိုးဖောက်ရာရောက်ပါတယ်” ဟု စမိုင်း(လ်)မြန်မာ (SMILE Myanmar) အဖွဲ့၏ အမှုဆောင် ဒါရိုက်တာ ဦးမျိုးဝင်းက ဆိုသည်။ “ဆန္ဒမဲပေးခွင့်နဲ့ ပတ်သတ်ပြီးမြန်မာပြည်သူအားလုံး တန်းတူအခွင့်အရေး မရဘူးဆိုရင်တော့ဒီရွေးကောက်ပွဲဟာ လွတ်လပ်မျှတမှုရှိမှာ မဟုတ်သလို    အားလုံးပါဝင်ခွင့်ရတယ်လို့လည်းဆိုနိုင်မှာမဟုတ်ပါဘူး”ဟုဦးမျိုးဝင်းကဆိုသည်။

မြန်မာအစိုးရနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် (UEC)သည် ဥပဒေများ၊ ဥပဒေကျင့်သုံးမှုများကို ရိုဟင်ဂျာမွတ်ဆလင်များ အပါအဝင် လူနည်းစုများအား ခွဲခြားဆက်ဆံရန် အသုံးပြုလျက်ရှိကြောင်းနှင့် လူမျိုး၊ဘာသာ၊ နိုင်ငံသားဖြစ်မှု အခြေအနေ စသည့် အချက်များကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်းဖြစ်ကြောင်း အစီရင်ခံစာက ဆိုထားသည်။လက်နက်ကိုင် ပဋိပက္ခများနှင့်၊ မဲဆန္ဒနယ် အများအပြားတွင်ရွေးကောက်ပွဲဖျက်သိမ်းရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် (UEC) က ဆုံးဖြတ်လိုက်ခြင်း စသည့်အချက်များကြောင့် နိုင်ငံအတွင်းရှိ ပြည်တွင်း နေရပ်စွန့်ခွာဒုက္ခသည်များ (IDP များ) အနေဖြင့်  ၎င်းတို့၏မဲပေးခွင့်ကို  အသုံးပြုရန်  အခက်ကြုံရလိမ့်မည်  ဖြစ်ကြောင်းလည်း  အစီရင်ခံစာက  ရေးသားထားသည်။

တိုင်းရင်းသားဒေသ မြို့နယ်များမှ မဲဆန္ဒရှင်များ၏ မဲပေးပိုင်ခွင့် ငြင်းပယ်ခံထားရကြောင်းနှင့် လူနည်းစု နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများမှာ  ပြည်ထောင်စုရွေးကောက်ပွဲ  ကော်မရှင်  (UEC)၏စံသတ်မှတ်ချက်များနှင့်  ကိုက်ညီသော်လည်း  ကိုယ်စားလှယ်လောင်းအဖြစ်မှ  ပယ်ချခြင်းခံခဲ့ရကြောင်းကိုအစီရင်ခံစာက ညွှန်ပြထားသည်။ အစီရင်ခံစာသည် အဓိကဥပဒေများ နှင့် ဥပဒေလုပ်ငန်းစဉ်များ၊ အထူးသဖြင့် ၁၉၈၂ခုနှစ် နိုင်ငံသားဥပဒေကို သုံးသပ်ထားပြီး၊ ထိုဥပဒေများကို လူနည်းစု ဖယ်ကြဉ်ရေး ကိရိယာတန်ဆာပလာများအဖြစ် အသုံးပြုထားကြောင်းလည်း သုံးသပ်ဖော်ပြထားသည်။ ထိုကဲ့သို့သောခွဲခြားဆက်ဆံမှုကို ဖြေရှင်းရန်ရည်ရွယ်သည့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များလုံးဝမအောင်မမြင်ဖြစ်သွားခဲ့ရခြင်းကိုလည်းအစီရင်ခံစာက ထောက်ပြထားသည်။

ထို့ပြင် လူနည်းစုများအား ပစ်မှတ်ထားသော၊ လူ့အဖွဲ့အစည်းအတွင်း နက်နက်ရှိုင်းရှိုင်း သွေးကွဲသွားစေနိုင်သော အမုန်းစကားများနှင့် သတင်းမှားများက နိုင်ငံရေးဖြစ်စဉ်ကို ဂင်ရောက် နှောင့်ယှက်နိုင်သည့်အလားအလာကိုလည်း အစီရင်ခံစာက ဖော်ပြထားကာ၊ လူမှုမီဒီယာပေါ်တွင် အမုန်းစကားများ နှင့် သတင်းမှားများ ပြန့်ပွားမှု ရပ်တန့်သွားအောင် ထိန်းချုပ်နိုင်ရေးအတွက အစိုးရအနေဖြင့် တာဝန်ခံမှုရှိရန် လိုအပ်ကြောင်းလည်း အစီရင်ခံစာကတောင်းဆိုထားသည်။

စိုးရိမ်စရာ အနေအထားများရှိသဖြင့် မြန်မာအစိုးရ နှင့် နိုင်ငံအတွင်းရှိ သက်ဆိုင်သူများအားလုံး လုပ်ဆောင်သင့်သော အဓိကအချက်အချို့ကို ချက်ခြင်းဆောင်ရွက်ရန် အစီရင်ခံစာက တိုက်တွန်းထားသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် လူမျိုးဘာသာ လူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှုများ အားလုံးကို ရပ်ဆိုင်းသင့်ကြောင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ယုံကြည်စိတ်ချရကာ၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲကို တာဝန်ခံမှုရှိရှိဖြင့် ကျင်းပလာစေရန် ကော်မရှင်ကို တွန်းအားပေးသင့်ကြောင်း အစီရင်ခံစာက တိုက်တွန်းထားသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် နိုင်ငံသားမှတ်ပုံတင်ကတ်ပြား (NRC) ကိုင်ဆောင်ထားသူများ၏ မဲပေးခွင့်နှင့် ပတ်သတ်သော ပြဿနာများကိုလည်း အထွေထွေရွေးကောက်ပွဲမတိုင်မီတွင် ဖြေရှင်းရမည်ဖြစ်ကာ၊ DP စခန်းများတွင် ခိုလှုံနေကြပြီး NIC/NRC သက်သေခံကတ်ပြား သို့မဟုတ် အိမ်ထောင်စုစာရင်း ရှိသူများ၏ မဲပေးပိုင်ခွင့်ကိုလည်းချက်ခြင်း ပြန်အကောင်အထည် ဖော်ပေးသင့်ကြောင်း အစီရင်ခံစာကအကြံပြုထားသည်။

---

မေးခွန်းများနှင့် မှတ်ချက်များကို
myowin.smilemyanmar@gmail.com သို့မဟုတ် SMILE အဖွဲ့၏ရုံး ဖုန်းနံပါတ် +95 9773868788 သို့ ပေးပို့နိုင်ပါသည်။

SMILE Myanmar အဖွဲ့က ၂၀၂၀ခုနှစ် အောက်တိုဘာ ၂၈ တွင် ထုတ်ဝေသော ရွေးကောက်ပွဲစစ်တမ်း အစီရင်ခံစာနှင့်အတူ ဤသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။ SMILE Myanmar အဖွဲ့သည် ဘာသာရေးလွတ်လပ်ခွင့်၊ နိုင်ငံမဲ့ ကိစ္စရပ်များ၊ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှု၊ ဒေသသတွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေးကိစ္စရပ်များကို အထူးအာရုံစိုက်သည့် ဒေသဆိုင်ရာ NGO တစ်ခုဖြစ်သည်။ SMILE အဖွဲ့၏ ရည်ရွယ်ချက်မှာ ဘာသာရေး လူနည်းစုများကိုကာကွယ်ပေးမည့် ဥပဒေများနှင့်မူဝါဒများ  အတွက်  ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံမှုရအောင်  စည်းရုံးရန်  နှင့်  မတူကွဲပြားသော မြန်မာပြည်သူများကို    အပြောင်းအလဲဖန်တီးသူ    (change-maker)များ    ဖြစ်လာအောင်    မြှင့်တင်ပေးရန်    ဖြစ်သည်။

ဆက်သွယ်ရန် – ဦးမျိုးဝင်း (အမှုဆောင်ဒါရိုက်တာ)
myowin.smilemyanmar@gmail.com 09 785382838

SMILE Myanmar

HEINRICH BÖLL STIFTUNG YANGON Myanmar